# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု(၇)

## အစိုးရများ၏ ယုံကြည်စိတ်ချရမှုအသစ်ပြုပြင်တည်ဆောက်ခြင်း

ယုံကြည်စိတ်ချရမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ သည် စက်ဝိုင်းတစ်ခုတည်းတွင် ရှေ့နောက်ပြေးနေကြသည်။ အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချရခြင်းသည် ကောင်းမွန်သော အုပ်ချုပ်ရေးကိုအားပေးသကဲ့သို့ ကောင်းမွန်သောအုပ်ချုပ်ရေးကလည်း ယုံကြည်စိတ်ချရမှုကို တဖန်ပြန်၍ မြှင့်တင်ပေးပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် နိုင်ငံရေးအရနှင့် လူမှုရေးအရ ယုံကြည်စိတ်ချရမှု သဘောတရားကို ကျင့်သုံးခြင်းသည် သီအိုရီအယူအဆရေးရာအခိုင်အမာရှိပြီးဖြစ်သည့်အပြင် လက်တွေ့ကျင့်သုံးမှု အတွေ့အကြုံများကလည်း အများအပြားရှိနေပြီဖြစ်၍ နိုင်ငံရေးခေါင်းဆောင်များသည် ယုံကြည်စိတ်ချရမှုရရှိရေးကို ရှေ့သို့တိုး၍ လုပ်ဆောင်ကြရပါမည်။ထိုသို့ယုံကြည်စိတ်ချရမှုရရှိရန် အသစ်ပြုပြင်တည်ဆောက်ရာ၌ အောက်ပါမဟာဗျူဟာများကိုလက်တွေ့အကောင်အထည်ဖော်နိုင်ရပါမည်–

(၁) အပြောနှင့်အလုပ်တစ်ထပ်တည်းကျစေခြင်းဖြင့် ပြည်သူလူထု၏ ကောင်းကျိုးအတွက် စစ်မှန်သော အလေးအနက်ထားရှိမှုကို ပြသရပါမည်။ ဤသည်မှာ သီလစောင့်ထိန်းမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုကို အလေးပေးသော “ကိုယ်ကျင့်သိက္ခာအရ ယုံကြည်စိတ်ချရမှု”ဖြစ်ပါသည်။

(၂) ပြည်သူလူထု၏ကောင်းကျိုးအတွက် ရည်မှန်းချက်ဖြင့် မြှုပ်နှံ၍ လုပ်ကိုင်နေသော်လည်း မိမိ၏ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် တတ်နိုင်သမျှ အားထုတ်လုပ်ကိုင် ပေးရပါမည်။ ဤသည်မှာ စီးပွားရေးစွမ်းဆောင်ရည်ရှိမှုနှင့် ပါတီဝင်များအရေးကို အလေးပေးသော “စီးပွားရေးအရ ယုံကြည်စိတ်ချရမှု”ဖြစ်ပါသည်။

(၃) နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုကို တိုက်ရိုက်ရရှိနိုင်ပြီး လူမှုရေးအရယုံကြည်စိတ်ချရမှုကို သွယ်ဝိုက်၍ ရရှိနိုင်ပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင် လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်းနှင့် အသစ်ပြုပြင်ခြင်းတို့သည် လူမှုရေးတိုးတက်ကောင်းမွန်မှုအတွက်အကျိုးပြုနိုင်ပါသည်။ ဤသည်မှာ နိုင်ငံရေးအရတရားဝင်မှုကို အလေးပေးသော “နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု” ဖြစ်ပါသည်။

(၄) လူမှုရေးအရပြုပြင်ပြောင်းလဲမှုများကို ထည့်သွင်းဆောင်ရွက်စေခြင်းဖြင့် လူမှုအဖွဲ့အစည်းများကို အားကောင်းစေပြီး နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုနှင့် ရှေ့ဆင့်နောက်ဆင့် တိုးတက်မှုရရှိစေပါ

သည်။ဤသည်မှာ လူမှုရေးအရင်းစုစည်းခိုင်မာရေးကို အလေးပေးသော ‘‘လူမှုရေးအရယုံကြည်စိတ်ချရမှု’’ဖြစ်ပါသည်။

(၅) နည်းပညာအသစ်တီထွင်ပြောင်းလဲခြင်းများကို လက်ခံကျင့်သုံးခြင်းဖြင့် အီလက်ထရွန်းနစ်နည်းပညာအသုံးပြုသော အစိုးရခြင်းနှင့်ပါဝင်စေခြင်းတို့က အစိုးရ၏လုပ်ငန်းများကို ပိုမိုအစွမ်းထက်စေခြင်း၊ လူအများပါဝင်မှုရရှိစေခြင်းနှင့် လူထုအတွက် လွယ်ကူသက်သာစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဤသည်မှာ နည်းပညာအသစ်တီထွင်ပြောင်းလဲမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့် သမမျှတမှုရှိခြင်း တို့ကို အလေးပေးသော ‘‘နည်းပညာအရယုံကြည်စိတ်ချရမှု’’ဖြစ်ပါသည်။

(၆) ပြည်သူလူထုအုပ်ချုပ်မှုလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို လွယ်ကူစေရန်ပြုလုပ်ပေးခြင်းဖြင့် လူထုအတွက်ရော၊နိုင်ငံ့ဝန်ထမ်းများအတွက်ပါ မလိုအပ်ဘဲပုံစံဖြည့်သွင်းရခြင်း၊ လက်မှတ်ရေးထိုးရခြင်း အခက်အခဲများကို နည်းပါးသွားစေပါသည်။ ဤသည်မှာ စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့အပေါ် အလေးပေးသော ‘‘အုပ်ချုပ်မှုအရ ယုံကြည်စိတ်ချရမှု’’ ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဇွန်လ(၂၇) ရက်နေ့၌ ပြုလုပ်ခဲ့သည့် အစိုးရများအသစ်ထပ်မံ တီထွင်ဖန်တီးခြင်းနှင့်ပတ်သက်သော သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာဝန်ကြီးများအဆင့်ဆွေးနွေးပွဲ၌ ‘‘ကမ္ဘာ့နိုင်ငံအစိုးရများသည် တစ်ချိန်တည်းတစ်ပြိုင်တည်း အမြန်ဆုံးလုပ်ဆောင်ရန် လိုအပ်ချက်မှာ ယုံကြည်စိတ်ချရမှုတည်ဆောက်ရေးကို ပန်းတိုင်အဖြစ်ထားရှိခြင်းနှင့် မျက်နှာစာတိုင်းတွင် ယုံကြည်စိတ်ချရမှုရှိစေသော မဟာဗျူဟာနှင့် ယန္တရားများချမှတ်ကျင့်သုံးရေး’’ဖြစ်ကြောင်း တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြပါသည်။ ထို့အပြင်အဆိုပါဆွေးနွေးပွဲ၌ပင် နိုင်ငံရေးခေါင်းဆောင်များက ယုံကြည်စိတ်ချရမှုကိုတည်ဆောက်ရာတွင် အချိန်ယူရမည်ဖြစ်ကြောင်း၊ အစိုးရနှင့် လူထုအကြား ယုံကြည်စိတ်ချရမှု ထွန်းကားလာခြင်းမဖြစ်ပေါ်မီ ယုံကြည်စိတ်ချရမှုကို အကြိမ်ကြိမ် အထပ်ထပ် လုပ်ပြနေရမည်ဖြစ်ကြောင်း နိဂုံးချုပ်ဆုံးဖြတ်ခဲ့ကြပါသည်။

ယခုခေတ်တွင် အစိုးရများသည် အစိုးရဌာနအသီးသီး၏ မူဝါဒများနှင့် ဝန်ဆောင်မှုများအပေါ် ပြည်သူလူထု၏အမြင်သဘောထားများကိုတိုင်းထွာသိရှိနိုင်ရန် အထူးလိုအပ်လာပြီဖြစ်ပါသည်။ လူထုသဘောထား စစ်တမ်းကောက်ယူမှုများကို အသုံးပြု၍ လူထု၏အမြင်၊ လူထု၏မျှော်လင့်ချက်များကို သိရှိရပြီဆိုပါက အစိုးရများသည် ပြည်သူလူထု၏မျှော်လင့်ချက်အတိုင်း ရည်မှန်းချက်များကို အောင်မြင်ပြီးမြောက်စေရန် အထိရောက်ဆုံး နည်းလမ်းများအသုံးပြု၍ အမြန်ဆုံးအကောင်အထည် ဖော်ကြရပါမည်။ တူနီးရှားနိုင်ငံတွင် လူထုအသံနားထောင်ရေးဗျူရိုများနိုင်ငံအနှံ့ထူထောင်ထားသကဲ့သို့အခြားဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင်လည်း နည်းအမျိုးမျိုးဖြင့် အစိုးရဌာနများ၏ လုပ်ဆောင်ချက်များအပေါ် သဘောထားကောက်ခံမှုများရှိနေကြပါသည်။ လူဇင်ဘတ်နိုင်ငံ၏ အီလက်ထရွန်းနစ်သတင်းပို့ရေး

အစီအစဉ်တို့သည် အဆင့်အတန်းမရွေး လူထုအား သတင်းအချက်အလက်များရရှိရန်၊ အစိုးရနှင့်တိုက်ရိုက်ထိတွေ့ ဆက်ဆံနိုင်သော ကိရိယာများကို အသုံးပြုရန်၊ တိုက်ရိုက်အကြံဉာဏ်ပေးနိုင်သော အခွင့်အရေး ရရှိရန်တို့ အတွက် အထောက်အကူဖြစ်စေပါသည်။ လူမှုရေးတည်ငြိမ်အေးချမ်းမှုနှင့် တာဝန်ခံမှုရှိသော နိုင်ငံရေးအရယုံကြည်စိတ်ချရမှုကို တာရှည်ခံအောင်ထိန်းသိမ်းရာ၌ ကိုရီးယားသမ္မတနိုင်ငံသည် အင်တာနက်ကွန်ယက်တစ်ခု ထူထောင်ထားပြီး ပြည်သူလူထုက အုပ်ချုပ်ရေးယန္တရားသို့ ပေးပို့လိုသော မေတ္တာရပ်ခံချက်၊ ထောက်ခံချက်၊ တိုက်တွန်းချက် တို့ကို စီမံခန့်ခွဲပေးလျက်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း တရားဥပဒေလိုက်နာစောင့်ထိန်းရေးကို အုပ်ချုပ်မှုအဖွဲ့က တာဝန်ခံရသောစနစ်တစ်ခုကို သုံးစွဲလျက်ရှိကြောင်း သိရှိရပါသည်။

## ယုံကြည်စိတ်ချရမှုသည် ခက်ခဲရှုပ်ထွေးသောသဘောတရားတစ်ခုဖြစ်ပြီး အထူးထူးအပြားပြားသော ကျင့်စဉ်များပါရှိသည်

မိမိအကျိုးစီးပွားအတွက် သဘာဝကျကျနားလည်လက်ခံမှုတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ မျှတမှုနှင့် ရိုးသားဖြောင့်မတ်မှုအပေါ် ယုံကြည်သော စိတ်ခံစားချက်ဖြင့်သော်လည်းကောင်း၊ စဉ်းစားကြမည်ဆိုလျှင် ယုံကြည်စိတ်ချရမှုသည် နေရာတိုင်းအချိန်တိုင်းတွင် ရှိနေရမည်ဖြစ်သည်။ အစိုးရနှင့်သူ၏ ဦးစီးဌာနများအပါအဝင် နိုင်ငံရေးစနစ်တစ်ခုလုံးသာမက လူတစ်ဦးစီအတွက်လည်း သက်ဆိုင်ပါသည်။

ခွဲခြားစိတ်ဖြာသုံးသပ်သူများက ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရန်နှင့် တာရှည်ထိန်းသိမ်းရန်အတွက် နည်းလမ်းအမြောက်အမြားကိုဖော်ထုတ်ခဲ့ကြသော်လည်း အဓိကကျသော နည်းလမ်းများမှာ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်သောတရားစီရင်ရေး၊ လွတ်လပ်မျှတ၍ပုံမှန်ဖြစ်သော ရွေးကောက်ပွဲများ၊ တရားဝင်ဖြစ်သော လွှတ်တော်လုပ်ငန်း၊ရှင်သန်အားကောင်းသော လူမှုအဖွဲ့အစည်း၊ အကျင့်ပျက်ခြစားမှုနှင့် အကျင့်ပျက်ခြစားမှုအသွင် သဏ္ဍာန်ပေါက်မှုတို့အားတိုက်ဖျက်ရေး၊ဒေသန္တရအုပ်ချုပ်ရေးနှင့် လက်အောက်သို့အာဏာဖြန့်ခွဲပေးရေးနှင့်အီလက်ထရွန်းနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်သော အုပ်ချုပ်ရေးတို့ဖြစ်ပါသည်။

အထက်ပါ ယုံကြည်စိတ်ချရမှုတည်ဆောက်ရေးနှင့်ထိန်းသိမ်းရေးယန္တရားသည်လည်း စွမ်းဆောင်ရည် စီမံခန့်ခွဲမှုနှင့် အကဲဖြတ်ခြင်း၊ အီလက်ထရွန်းနစ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်သော အုပ်ချုပ်ရေး၊ အခြားသတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာသုံးကိရိယာများနှင့် လူအများပါဝင်နိုင်သော တီထွင်ဖန်တီးထားသည့် အုပ်ချုပ်ရေးစသည့် ယန္တရားများအပေါ်တွင်မှီခိုအားထားနေရပါသည်။ ပုံစံအမျိုးမျိုးနှင့်ရှိနေသော ယုံကြည်စိတ်ချရမှုများသည်ထိရောက်၍ တရားဝင်သော အုပ်ချုပ်ရေးစနစ်နှင့် ပင်ကိုယ်ကွင်းဆက်များရှိနေကြောင်း သုတေသနပညာရှင်များက ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြသခဲ့ကြပြီးဖြစ်ပါသည်။ ယုံကြည်စိတ်ချရမှုတည်ဆောက်ခြင်းနှင့် ရေရှည်ထိန်းသိမ်းမှုကိုပျက်ကွက်လျှင် ဒီမိုကရေစီအုပ်ချုပ်ရေးကိုထိခိုက်စေသကဲ့သို့ ဒီမိုကရေစီအုပ်ချုပ်ရေးကို

ပျက်ကွက်လျှင်လည်း ယုံကြည်စိတ်ချရမှုကိုထိခိုက်စေပါသည်။ ဤနှစ်ခုအကြား ကွဲပြားခြားနားချက်သည် အလွန်သိမ်မွေ့ပါသည်။ ယုံကြည်စိတ်ချရမှုက ဂုဏ်သိက္ခာနှင့်တရားဝင်မှုတာရှည်တည်ရှိခြင်းအပေါ်တွင် ပို၍အလေးပေးခြင်းသာကွာခြားပါသည်။သို့ဖြစ်၍ယုံကြည်စိတ်ချရမှုထင်ရှားစွာတည်ရှိနေသရွေ့ ယုံကြည်စိတ်ချရမှုကျင့်စဉ်ဖြစ်ထွန်းအောင်မြင်နေသရွေ့ ဒီမိုကရေစီအုပ်ချုပ်ရေးသည်လည်း တာရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။